လွမ်းမောစရာ

# ရွာကလေး

ပိုင်လေးဖြူ



# လွမ်းမောစရာရွာကလေး
## အပိုင်း(၁)

နေမင်းကြီးရဲ့အပူစွမ်းအင်က တော်တော်ကို ပူပြင်းလှသည်။

နေကလည်းပူ လမ်းကလည်းကြမ်း ဆိုင်ကယ်တောင် မနည်းဆွဲနေရသည်။

တောတောင်တွေ ကျော်ဖြတ်လာရင်း စွဲအလွန်ပင်ပန်းနေလေပြီ ...။

မြို့မှာလိုမဟုတ်တော့ သွားရလာရခက်ခဲလှသည်။

အမေဖြစ်သူက စွဲကို အဲရွာလေးမှာ ၃ လလောက်နေခဲ့ဟု မှာကြားခဲ့သည်။ မလာချင်ပဲ လာခဲ့ရသည်မို့စွဲ မပျော်ပေ။

အိမ်မှာနေလျှင် စွဲက ပြဿနာသိပ်ရှာသည်မို့ ဒေါ်ဆည်းဆာညိုက ... စွဲ၏ဦးလေးဖြစ်သူ ဦးနေမဝင်ညိုဆီပို့လိုက်ခြင်းဖြစ်သည်။ ထိုရွာကထန်းသုံးပင်ရွာပင်။

စွဲရန်ကုန်ကနေထွက်လာပြီး ပုသိမ်ကိုရောက်သည်။ မေမေမှာထားသည့်အတိုင် ပုသိမ်မြို့ကနေ သင်္ဘောစီးပြီး သူ့ဦးလေးနေထိုင်သည့်ထန်းသုံးပင်ရွာသို့ လာခဲ့ရလေသည်။ ထိုရွာသို့မရောက်မီ အခြားရွာနီးခြောက်ဆက်ကနေ ဆိုင်ကယ်စီးလာရလေသည်။

"အစ်ကို ထန်း၃ပင်ရွာကို ရောက်တော့မှာလားဗျ"

"လိုသေးတယ်ညီလေး မိနစ်၃၀လောက် သွားရဦးမယ်"

"ဒါဆို ရပ်လိုက် ရပ်လိုက်ပါအစ်ကို"

စွဲပြောလိုက်ပြီး ဆိုင်ကယ်ကိုရပ်ခိုင်းလိုက်သည်။ ဆိုင်ကယ်မောင်းနေသည့်အစ်ကိုက ဆိုင်ကယ်အား ရပ်ပေးလိုက်သည်။ စွဲ ဆိုင်ကယ်ပေါ်မှ ဆင်းကာ

"ဟူး ... နေကလည်းပူ ဖင်ကလည်းအောင့်နေပြီ ဟိုရောက်ရင် စွဲ အသက်တောင် ရှိပဲ့မလားတောင်မသိတော့ဘူး ... မောလိုက်တာလည်းလွန်ရော"

စွဲ မြက်ခင်းတစ်နေရာသို့ ခြေပစ်လက်ပစ်ထိုင်ချကာ ပြောလိုက်ပါသည်။

"ညီလေးက မြို့ကထင်တယ်"

"ဟုတ်တယ် အစ်ကို အမေက ထန်းသုံးပင်ရွာမှာ (၃)လလောက်သွားနေခဲ့တဲ့ ဒါကြောင့် မလာချင်ပဲလာလိုက်ရတာ ပင်ပန်းလိုက်တာလဲ လွန်ရောဗျာ ... "

စွဲ ရင်ထဲရှိသမျှ အကုန်ဖွင့်ချလိုက်လေသည်။

ကျောပိုးအိတ်ထဲရှိ လမ်းမှာဝယ်လာသည့် မုန့်ထုပ်တွေကိုထုတ်ကာ ဖောက်စားနေမိသည်။

"ဒါကြောင့် ညီလေးက ဒီရွာဘယ်လိုလာရလဲမသိတာ ဒီကလူတွေဆို ခြေကျင်ပဲလျှောက်ကြတာ"

စွဲ မျက်လုံးပြူးသွားမိပါသည်။

"ဘယ်လို ခြေကျင်လျှောက်ကြတယ် ဟုတ်လားအစ်ကို"

ဆိုင်ကယ်သမားက ခေါင်းညိတ်ပြလေသည်။

"စွဲတော့မလျှောက်နိုင်ဘူး အဲဒီလိုသာလျှောက်ရရင်တော့ ... ခြေထောက်တွေလူပ်လို့ရတော့မှာမဟုတ်ဘူး ... "

"အင်း ညီလေးက မြို့သားဆိုတော့ အတွေ့အကြုံမှမရှိတာ တောသားတွေကတော့ ဒီလောက်ကတော့အပျော့ပဲကွ"

"ဟုတ်တယ်နော် ဩော် ... ... ဒါနဲ့အစ်ကို စားပါဦးလား"

စွဲ ဆိုင်ကယ်မောင်းသူကို မုန့်ထုပ်တချို့ပေးလေသည်။

"ရတယ်ညီ ... ညီ့ဖာသာဝအောင်စားပါ"

"ဟုတ်ကဲ့ အစ်ကို အား ... ... ... စွဲတော့စားပြီးပြီး ... ဆက်သွားကြရအောင်ဗျာ"

"ဆိုင်ကယ်ပေါ်တက် ညီလေး"

သို့နှင့် စွဲ ခရီးဆက်လာခဲ့လေတော့သည်။

ခဏနားလိုက်ရသည်မို့ စွဲ ပင်ပန်းတာ အတော်သက်သာသွားလေသည်။

စိတ်လည်း ကြည်လင်လာလေသည် ...။

စွဲ လင်ကွင်းပြင်ကျယ်များကို မျက်စိတစ်ဆုံး ငေးကြည့်နေမိပါတော့သည်။

လေကလည်း တိုက်လာသောကြောင့် ပူနေသည့် ခန္ဓာကိုယ်ကလည်း အအေးဓာတ်ရလာသဖြင့် နေရထိုင်ရသက်သာသွားသလိုပင်။

မိနစ်၃၀လောက်မောင်းလာရပြီးမှာတော့ ...

စွဲ၏လိုရာ ထိုထန်းသုပင်ရွာကို ရောက်လာလေတော့သည်။

ဆိုင်ကယ်ကယ်ရီသမားက ရွာထိပ်တွင်စွဲကို ရပ်ပေးလိုက်သည်။

စွဲက ဆိုင်ကယ်ခ ပေးကာ ကျောပိုးအိတ်လေးကိုလွယ် ... အဝတ်အိတ်လေးကိုဆွဲကာ ရွာထိပ်လမ်းကို လျှောက်လာခဲ့ပါတော့သည်။

ဆိုင်ကယ်သမားကတော့ စွဲကိုကျောခိုင်းကာ လာခဲ့သည့်လမ်းအတိုင်း ပြန်သွားလေပြီ ...။

စွဲ လမ်းလေးအတိုင်းလျှောက်လာရင်း တစ်နေရာအရောက်တွင် ...

"ဟိတ် ဟိတ် ဟိတ်"ဟုအနောက်မှအော်ခေါ်သံကိုကြားလိုက်ရသည်မို့ စွဲ အနောက်ကို လှည့်ကြည့်လိုက်လေသည်။ စွဲ မြင်လိုက်ရသည်က ...

ပုဆိုးတစ်ထည်သာ ဝတ်ဆင်ထားသည့် အမျိုးသားတစ်ယောက် ... ။ ကိုယ်ပေါ်၌ ဗလာကျင်းစွာဖြင့်။

ထို အမျိုးသားက စွဲကို စိုက်ကြည့်ရင်း ...

"မင်းက စွဲလမ်းသူ လား"

"ဟုတ်ပါတယ် ကျွန်တော်က စွဲလမ်းသူပါ ... ဘာကိစ္စရှိလို့လဲဗျ ... "

"ဦးလေး ညိုက မင်းကိုလာကြိုခိုင်းလိုက်လို့ ... ကျုပ်လာကြိုတာ"

စွဲ လာကြိုသူသည့် ထိုလူကိုစူးစမ်းသလို ကြည့်မိလိုက်သည်။

အားပါးပါး ဗလကတောင့်လိုက်တာ ...

*တောသားလို့သာဆိုတာ အသားကဖြူနေတာပဲ အင်္ကျီမဝတ်ထားတာ ငါ့အတွက် ကံကောင်းတာပဲ အလှဲ့ မျက်နှာကလည်း ရှင်းသန့်နေတာပဲ ... ချောလိုက်တာ မော်ဒယ်မင်းသားတောင် အရှုံးပေးရမယ် စကားပြောလိုက်ရင်တောင် ပါးချိုင့်က ချိုင့်သွားတာ အရမ်းကြည့်ကောင်းတာပဲ ... *

စွဲ စိတ်ထဲတွင် ဘူးလိုက်သည်။

"မင်း ဘာကြည့်နေတာလဲ ကျုပ်ကို စူးစူးစမ်းစမ်းနဲ့"

စွဲသည် မျက်နှာကို ကမန်းကတန်းဖြင့် အခြားတစ်နေရာလှည့်ကာ ...

"ဘာကြည့်လို့လဲ မကြည့်ပါဘူး ... ရော့ ဒီအိတ်သယ်လာခဲ့ဗျာ စွဲအရမ်းညောင်းနေလို့ ဟြော် ဒီကျောပိုးအိတ်ရောပဲ ... "

စွဲ သူ့ဆီမှာပါသမျှ ပစ္စည်းတွေ သူ့အားပေးလိုက်ပြီး ရွာလမ်းအတိုင်း ဆက်လျှောက်လာခဲ့လေသည်။

ထိုလူ နှုတ်ခမ်းတစ်ဖက်ကို ရွဲ့လိုက်မိပါသည်။

"ဟိတ် ဟိတ် စွဲလမ်းသူ မင်းပစ္စည်းတွေ ကိုယ့်ဖာသာသယ်ကွာ ... "

အနောက်မှအော်ပြောနေသောအသံကို စွဲ ကြားလိုက်ရင်း ...

လက်ကိုထောင်ပြကာ 'မလုပ်နိုင်ဘူး' သဘောဖြင့် လက်ကို ဝှေ့ယမ်းပြလိုက်လေသည် ...။

သူ အတော် စိတ်အိုက်သွားသည်ထင် ...။

ပစ္စည်းများကို စိတ်မပါစွာသယ်ရင်း လိုက်လာခဲ့ရလေတော့သည်။

ထိုနောက် စွဲတို့ရွာထဲကို ဝင်လာခဲ့ပါတော့သည်။ ထိုစဉ် စွဲ သည်တစ်နေရာမှာရပ်ကာ ...

*အယ် ငါ ဦးလေးနေမဝင်ညိုအိမ်ကို သိမှမသိတာ တော်ကြာ အိမ်များကျော်သွားရင် အရှက်ကွဲနေဦးမယ် ဟိုလူ့ကိုစောင့်နေလိုက်ပါဦးမယ်လေ အဟိ *ထိုသို့တွေးလိုက်ရင်း သစ်ပင်တစ်ပင်နားရပ်ကာ သစ်ရွက်ကလေးတွေကို ချူးဟန်ဆောင်လိုက်လေသည်။

မကြာမီ သူလည်း ရောက်လာလေသည်။

သူ စွဲကိုကြည့်ကာ ရယ်ချင်လာသည်။ ရယ်ချင်စိတ်ကို မနည်းထိန်းလိုက်ရ၏။

* အမယ် ကိုမြို့သားက လမ်းမသိလို့ဟန်ဆောင်နေတာများ ... ကျုပ်တို့တောသားတွေမသိဘူးများ ထင်နေသလား ကြည့်ပါဦး လုပ်နေပုံက*

စိတ်ထဲ သူပြောလိုက်ပါသည်။

"ဟေ့ စွဲလမ်းသူ အဲဒါဘာလုပ်နေတာလဲ ... ... ... ဘာလဲ သစ်ရွက်တွေချူးစားနေတာလား"

"ခင်ဗျားဘာသာလာချူးစား မောလို့နားနေတာ ဘာလို့လာမေးနေတာလဲ

သွားလေ ရှေ့က"

စွဲ ဟောက်လိုက်သည်။

သူလည်း ရှေ့ဆက်သွားလေတော့သည်။ နှုတ်ခမ်းထက်တွင် အပြုံးတစ်ပွင့် ... အဲဒါကို စွဲ မမြင်လိုက်ပေ ... ။

ဒီတော့မှ စွဲ သူ့နောက် လိုက်လာခဲ့လေတော့သည်။

မကြာမီ ပျဉ်ထောင်အိမ်ကြီးကြီးတစ်လုံးဆီအရောက်တွင် သူရပ်လိုက်သည်။

စွဲ လည်းမယောင်မလည် ရပ်မိလေသည်။

"ဦးညို ဦးညို ဒီမှာ ဦးညိုတူလေးပါလာပြီဗျ"လို့ အသံဟစ်လိုက်လေသည် ... ။

"ဟိုနားနဲ့ဒီနား အော်နေလိုက်တာ ငါးစိမ်းတန်းထဲရောက်နေသလိုပဲ ... "

လို့ စွဲသူ့အား ရွဲ့လိုက်လေသည်။

"ဘာပြောလိုက်တယ်"သူမကြားလိုက်သည်မို့ စွဲဘက်လှည့်ကာ မေးလိုက်သည်။

"ဩော် ငါးစားချင်တယ်လို့ အကောင်အကြီးကြီး ဝဝကစ်ကစ်ငါးကိုစားချင်တယ်လို့ ပြောတာ"

စွဲ ဂျင်းထည့်လိုက်လေသည်။ အမှန်အတိုင်းပြောလိုက်ရင် သူနဲ့ပေရှည်ရဦးမည်လေ။

"ရွာရောက်တာ ၁နာရီတောင်မကြာသေးဘူး ဟိုဟာ စားချင် ဒီဟာစားချင် ငါတော့ သွားပါပြီကွာ အလုပ်ရှုပ်တော့မယ်"

သူခေါင်းကိုကုတ်ကာ ပြောလိုက်သည်။

ထိုအချိန်စွဲ၏ဦးလေး ထွက်လာသည်။

"ဟာ တူလေးစွဲလမ်းသူရောက်လာပြီလား ဝမ်းသာလိုက်တာကွာ လာလာ"

ဦးနေမဝင်ညိုက ဆီးကြိုရင် ပြောလိုက်ပါသည်။ စွဲက ကလေးတစ်ယောက်လိုပြေးသွားကာ ဦးလေးဖြစ်သူကို ဖက်လိုက်ပါတော့သည်။

"ငါ့တူလေး တော်တော်ထွားလာတာပဲ လူပျိုသိုးလေးဖြစ်နေပြီ ငယ်ငယ်က အကျင့်မပျောက်သေးဘူးမှလား မွှေတုန်းပဲမှလား"

"ဟင် ဦးလေးကလည်း စွဲက မွှေတာမဟုတ်ပါဘူးနော် ကစားတာပါ ဦးလေးညိုကပြောဖို့ကြီးပဲ မေမေကလေ မှာလိုက်တယ် စွဲကိုဒီရွာမှာ(၃)လနေခဲ့တဲ့"

သူမျက်လုံးပြူးသွားသည်။ * ဘုရား ၃လ ဟာကွာ ငါတော့ ဒုက္ခလှလှတွေ့ပြီ ဒီအမွှေစိန် ... ဦးညို ကငါ့ကိုတာဝန်တွေပေးတော့မှာပဲ ဟင်းနော် မင်းမင်းကွာ*စိတ်ထဲတွင် သူပေါက်ကွဲလိုက်လေသည်။

"ပျော်သလောက်နေ တစ်သက်လုံးနေ ဟုတ်ပြီလား"

သူပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

*တစ်သက်လုံးတဲ့လား ဦးလေးညိုရေကျိုတ်လိုက်ဗျ ဘာတွေမွှေဦးမလဲ မသိပါဘူးကွာ*။

"ဟုတ်ပါပြီ ဟုတ်ပါပြီ နေမှာ ကြိုက်သလောက်နေမှာ ဒါပေမဲ့လေ အခုစွဲအရမ်းပင်ပန်းနေပြီ နားချင်ပြီဦးလေးညို"

"ဟုတ်တာပေါ့ ငါ့တူလေးပင်ပန်းလာပြီ လာ လာ အခန်းပြင်ထားပေးတယ် ဦးတူလေး အေးအေးဆေးဆေးနားလို့ရတယ်"

"ဒါကြောင့်ဦးလေးကို ချစ်နေရတာ ရွှတ်"

စွဲပြောရင်း ဦးလေးဖြစ်သူပါးကို နမ်းလိုက်လေသည်။

"ငယ်ငယ်က အကျင့်တကယ်မပျောက်တာ"လို့စွဲဦးလေးက ပြန်ပြောလိုက်သည်။ စွဲကတော့ ချစ်စရာကောင်းစွာ ရယ်နေတော့သည်။

ထိုနောက် စွဲ အိမ်ထဲဝင်က သူ၏အခန်းဆီသို့ တက်သွားလိုက်လေတော့သည်။

အပေါ်ထပ်မှာ ဖြစ်သည်။ စွဲတက်သွားသည်နှင့် နောက်မှသူပါလာသည်။

စွဲ အခန်းတံခါးကိုဖွင့်မယ်ကြံတုန်း ...။

"ဟိတ် အဲဒါငါ့အခန်း"

စွဲအနောက်ကလူပါလာမှန်း ခုမှသိတော့သည်။

* ဟင် ဒီလူ ဒီလူကဘယ်သူလဲ ဦးလေးနဲ့ဘာပတ်သက်တာလဲ ဦးလေးအိမ်မှာနေတာလား ဒါကသူ့အခန်း သူဘယ်သူလဲ *

ဤသို့ တွေးလိုက်မိသည့်စွဲ။

"ဩော် ဒါ ခင်ဗျားအခန်းလား မသိပါဘူး စွဲ အခန်းလားလို့ sorry sorry"

"မင်းအခန်းကဒီဘက် ဒီအခန်း"

"ဩော် ဒါလား သိုင်းကျူး ပါပဲ အိတ်ကိုဒီယူလာ လာ လာ"

စွဲ လျှာလေးထုတ်ကာ သူ့ပြောလိုက်လေသည်။

"အချိုးကိုမပြေဘူး"

သူထိုသို့ပြော၍ အိတ်များကိုထားခဲ့ကာ သူ့အခန်းကို ပြန်သွားလိုက်လေတော့သည်။

"ငါ့ကို အချိုးမပြေလေး ဘာလေးနဲ့ သူကတော်တော် အချိုးပြေနေတာကိုး အလကား တောသားလူရိုင်း"

စွဲမကျေနပ်စွာပြောရင်း အခန်းကို ပတ်ကြည့်လိုက်သည်။

"အခန်းကတော့ မနည်းကျယ်သား ခက်တာ ရေချိုးခန်းနဲ့အိမ်သာက အောက်ထပ်ကို ဆင်းရမှာ ရေချိုးခန်းတောင်ရှိပါရဲ့လား မသိဘူး"

စွဲ ပြောလိုက်ရင်း ပါလာတဲ့အဝတ်အစားတွေကိုထုတ်ကာ ဗီရိုထဲထည့် သိမ်းထားလိုက်သည်။ အိမ်ကနေယူလာသည့် ကင်မရာနှင့်ဖုန်းကိုထုတ်ကာ ခုတင်ပေါ်တွင် တင်ထားလိုက်သည်။

ပြီးနောက် စွဲ ခြေစွပ်ကိုချွတ်ကာ အိပ်ရာပေါ်တွင် လဲလျောင်းရင်း အိပ်ပျော်သွားလေတော့သည်။

***

အပိုင်း(၂)

စွဲအိပ်လိုက်တာ ညနေ(၃း၃၀)အချိန်ရောက်သွားသည်။ စွဲ အိပ်ရာမှထလိုက်ပြီး အောက်ထပ်ကို ဆင်းသွားလေသည်။

အောက်ထပ်ကိုရောက်သည်နှင့် ဦးညိုနဲ့တွေ့သည်။

"ဘယ်လိုလဲ တူလေးနားလို့ဝပြီလား"

"ဟွား ... အွန်း ဦးလေး နားလို့ဝပြီ စွဲရေချိုးချင်တယ် အဲဒါ"

"ဩော် အိမ်နောက်ဖေးမှာ စဥ့်အိုးထဲမှာ ရေအပြည့်ပဲသွားချိုးချေ"

"ရေချိုးခန်းမရှိဘူးလား ဦးလေးရဲ့ မဆောက်ထားဘူးလား"

စွဲနှုတ်ခမ်းထော်ကာ ပြောလိုက်ပါသည်။

"တူလေးကလည်း ဒါတောလေ မြို့မှမဟုတ်တာ ဘယ်ကရေချိုးခန်းရှိရမှာတုန်း"

"အင်း အင်း ပြီးတာပဲ အဲဒီလိုပဲချိုးရမှာပေါ့ အပေါ်ပြန်တက်ပြီး အဝတ်အစားယူလိုက်ဦးမှပဲ"

လို့ပြောပြီး စွဲ အခန်းဆီကို ပြန်တက်သွားလေသည်။

အခန်းထဲ ဗီရိုထဲထည့်သိမ်းထားသည့်ပုဆိုးနှင့် Towelအကြီးတစ်ထည်ကို ယူကာ အောက်ထပ်ကိုဆင်းလာလိုက်ကာ အိမ်နောက်ဖေးသို့ ဝင်သွားလိုက်လေတော့သည်။

စွဲ ယူလာသည့် ပုဆိုးနှင့်towelကို စဥ့်အိုးပေါ်တွင် တင်ထားလိုက်သည်။

"ရေကတော့ အပြည့်ပဲ ချိုးရချည်သေးရဲ့ ဟိဟိ"

စွဲရေများကို လက်ဖြင့် ခပ်ယူရင်း အပေါ်သို့ပစ်တင်ပြီး ကစားနေသည်။

"အဟိဟိ ဟားဟား ပျော်စရာကြီး"

စွဲကစားနေသည်ကို သူရပ်ကြည့်နေမိသည်။

စွဲကတော့ သတိမထားမိ။ ကစားစရာရှိတာ ဆက်ကစားနေသည်။

တဟိဟိ တဟားဟားဖြင့် သဘောတွေကျနေပါတော့သည်။

ထိုစဉ် သူလည်းရေပုံးကိုထမ်းကာ ဝင်လာလိုက်လေတော့သည်။

စွဲ သူ့ကို မြင်လိုက်ရတော့ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်သွားသည်။

စွဲပုံစံကလည်း ပေါင်လောက်သာရှိသည့် ဘောင်ဘီတိုတစ်ထည်သာဝတ်ထားသည်ကိုး။ ရှက်ရှက်ဖြင့် လက်နှစ်ဖက်ကိုရင်ဘတ်ပေါ် ယှတ်တင်ထားလိုက်တော့သည်။

သူကစွဲကို ခေါင်းစခြေဆုံးကြည့်လိုက်တော့ စွဲအနေရခက်သွားသည်။

"ဟိတ် ချိုးစရာရှိတာ အမြန်ချိုးလေ ဘာလုပ်နေတာလဲ"

"ချိုးမှာပေါ့ ဘယ်လိုဖြစ်နေတာလဲ"

"ဟ ဒီမှာရေပုံးကြီးနဲ့ကွ လေးတယ် မင်းနားလည်လား"

သူ ရေပုံးထမ်းရင်းဖြင့် စွဲကိုပြောလိုက်ခြင်း ဖြစ်ပါသည်။

"နားလည်တယ်လေ ခင်ဗျား ရေထမ်းနေတာ လူတိုင်းမြင်တယ် အဲဒါကို များ ရေးကြီးခွင့်ကျယ် လုပ်နေသေးတယ် သူထမ်းနိုင်တာကိုပြသနေတာ များ"

"ဘာ ငါက ထမ်းနိုင်တာပြသနေတယ် ဟုတ်လား မင်းနော်"

"မင်းနော် ဆိုတော့ဘာလုပ်ချင်လို့လဲ"

စွဲလျှာလေးကိုထုတ်ကာ စလိုက်လေသည်။ နှုတ်ခမ်းကိုလည်း တစ်ခြမ်းရွဲ့

ကာ လုပ်ပြလိုက်လေသေးသည်။

"ဟာ ကြာ"

သူဒေါသဖြစ်သွားသည်ထင်။ ရေပုံးများကိုထားက အိမ်ရှေ့ကို ပြန်သွားလေတော့သည်။

"ဟိဟိ ဟိဟိ ပြန်သွားပြီ

စွဲလေ စွဲပါ ဟဲဟဲ ငါတော်တယ်"

တစ်ယောက်တည်းပြောချင်ရာပြောပြီး စွဲရေချိုးလိုက်ပါတော့သည်။

*****

စွဲ ရေးချိုးပြီး၍ ပြင်ဆင်ခြင်းပြီးလေပြီ။

ဦးညိုအခေါ်လွှတ်သည်မို့ စွဲအောက်ထပ်ကို ဆင်းသွားလိုက်သည်။

စွဲ အောက်ထပ်မရောက်မီ လှေကားဦးပင် ခြေလှမ်းများရပ်တန့်သွားလေသည်။ တွေ့ပြန်ပြီ ဒီလူ့ခွစာကြီးနဲ့။

စွဲ နှုတ်ခမ်းကို ဝက်နှုတ်ခမ်းလို အဆုံးစွန်ထော်လိုက်မိပါသည်။

မသွားလို့လည်းမဖြစ်မို့ ဦးလေးဘေးနာတွင် စွဲဝင်ထိုင်လိုက်သည်။

"ကဲလာ တူလေးစွဲ ဦးညိုက တူလေးရဲ့အစ်ကိုနဲ့မိတ်ဆက်ပေးမယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဦးလေး"

စွဲ မဟုတ်ချင် ဟုတ်ချင်ဖြင့် ဟုတ်လိုက်ရ၏။

"သူ့နာမည်က နေဇင်နောင်တဲ့ ဦးညိုရဲ့မွေးစားသားပေါ့ လူလေးနေဇင် သူကဦးလေးတူ စွဲလမ်းသူ တဲ့"

"ဟုတ်ကဲ့ ဦးလေး"လို့နေဇင်ပြောလိုက်သည်။

စွဲကတော့ ဘာမှမပြောမိပေ။

"တူလေးစွဲလိုအပ်တာရှိရင် အစ်ကို့ကိုပြောနော် သား အစ်ကိုက အားလုံး အဆင်ပြေအောင် လုပ်ပေးလိမ့်မယ် နော်တူလေး"

"ဟုတ် ဦးလေး အဲဒါတွေနောက်မှပြောကြရအောင်နော် ဦးလေး စွဲအခုရွာထဲသွားချင်လို့"

"သြော် ... ... အေး အေး ကဲ သွားသွား လူလေးနေဇင် မင်းညီလေးနောက်လိုက်သွား သူက အခုမှဒီရွာကိုရောက်တာဆိုတော့ ရွာလမ်းတွေသိမှာမဟုတ်ဘူး လိုက်ပြပေးလိုက်ပါဦး"

"ဟုတ်ကဲ့ဦးလေး"ပြဿနာကစပြီ။

စွဲ ရွာလမ်းကိုကြည့်လိုက်သည်။ ရွာလမ်းက အရှေ့ အနောက် တောင်မြောက် ခွဲထားသည်လားမသိ။ လမ်းက ၄ လမ်းတောင်။ စွဲက အရှေ့ဘက်လမ်းကို ရွေးလိုက်သည်။

"အဲဒါ ဘယ်သွားမလို့လဲ"လို့နေဇင် စွဲအားမေးလိုက်သည်။

"ဟင် ရွာထဲသွားမလို့ ဒီလမ်းကိုသွားမယ်လေ"

"အဲဒီဘက်က အိမ်ခြေသိပ်မရှိဘူး လယ်ကွင်းတွေနဲ့ကြာကန်ပဲရှိတာ"

သူ စိတ်မပါစွာ ပြောလိုက်သည်။

"ကောင်းတာပေါ့ လယ်ကွင်းပြင်ကျယ်ကြီးတွေ စပါးပင်လေးတွေ သွားရအောင်ပါ ခင်ဗျား အရမ်းပေရှည်တာပဲ"

စွဲအရုက်ပြေ ပြောလိုက်ရသည်။

"သြော် အေး အေး"

ဒီလိုနှင့် သူတို့နှစ်ဦးရွာလမ်းအတိုင်း ဆက်လျှောက်လာရင်း လယ်ကွင်းများဆီကို ရောက်လာလေသည်။

ထိုအချိန်

"ကိုကြီး နေဇင် ဘယ်သွားမလို့လဲ"

ဟု အသံကို သူတို့ကြားလိုက်ရသည်။

"မိပုံပါလား ဘယ်မှမသွားဘူး ဒီမှာလေ ဦးလေးတူလေး ရွာထဲလျှောက်သွားချင်လို့ လိုက်ပို့ပေးနေတာ"

"ဟုတ်ကဲ့ ... ကိုကြီးနေဇင် မိပုံတို့ဆီလာမလည်တာ ကြာပြီနော်"

"မအားလို့ပါဟာ အားရင်လာခဲ့မယ် ဟုတ်ပြီလား"

ဒီလိုနဲ့ပဲ နေဇင်နဲ့မိပုံတို့ စကားလက်ဆုံကြနေလေသည်။

စွဲ ပါးစပ်ရွဲ့နေပါပြီ။

ထို အချိန် ငါးမျှားနေသည့်ကလေးတစ်ယောက်ကို စွဲမြင်လိုက်ပါသည်။

"အင်း ငါးသွားမျှားမယ်"

စွဲ သူတို့နှစ်ယောက်သတိမထားမိအောင် ထိုကလေးနားသွားလေတော့သည်။

သူတို့၂ဦးကတော့ စကားပြောကောင်းတုန်း။

စွဲ ထိုကောင်လေးဆီ အပြေးသွားလိုက်လေတော့သည်။

စွဲဟာ ကလေးအနားရောက်လုဆဲဆဲတွင် ခြေချော်သွားပြီး လက်ကိုဆန့်မိလိုက်သည်။ ထို့နောက် ကလေးရဲ့ကျောကုန်းကိုတွန်းမိပြီး စွဲမှောက်လျက်လဲကျသွားလေတော့သည်။

"အ ... အမေ့"

ထိုကလေးမှာတော့ ငါးမျှားတံနှင့်အတူ ရေထဲသို့ ဒိုင်ဗင်ထိုးသွားလေတော့သည်။

"အယ် ... "

စွဲ ' အယ် ' လို့သာ ပြောမိပါတော့သည်။

နေဇင်နှင့်သုသုပုံတို့လည်း အလန့်တကြားဖြစ်သွားကာ စွဲတို့ဘက်ကို ကြည့်မိကြတော့သည်။

လဲကျနေသောစွဲ ... ရေကူးနေတဲ့ငါးမျှားတဲ့ကောင်လေး။

စွဲ ငိုချင်သလိုလိုဖြစ်သွားတယ်။ ကိုယ့်ကြောင့်နဲ့ကလေးတစ်ယောက် ဒုက္ခရောက်ရသည် မဟုတ်ပါလား။

တောက ကလေးမို့လား မသိပါဘူး။ ရေကူးတာ တော်တော်ကျွမ်းကျင်သား။ ငါးမျှားတံလေးကို ကိုင်ကာရေကန်စပ်ကို စိုရွှဲစွာဖြင့်ပြန်တက်လာတော့သည်။ စွဲ မနေသာတော့ပါ။ စွဲ လဲနေရာမှ ... ထကာ ထိုကလေးဆီသို့။

"ညီလေး ဘာဖြစ်သွားသေးလဲဟင် အစ်ကို တမင်လုပ်တာမဟုတ်ပါဘူး အစ်ကိုလည်း ငါးမျှားချင်လို့ပြေးလာမိတာပါ တမင်တွန်းတာ မဟုတ်ပါဘူး"

စွဲ မျက်ရည်မကျမိအောင်ထိန်းရင်း ပြောလိုက်သည်။

တကယ်တော့ စွဲရေမကူးတတ်ပါ။ စွဲရေနစ်ဖူးသည်။ သူတစ်ပါး ရေနစ်မည့်အဖြစ်လည်း သူလက်မခံနိုင်။ ရေမွန်းတဲ့ခံစားချက်ကို သူလုံးဝမမေ့ပါ။ ရေထဲတွန်းမိသည်မို့ စွဲအတော်အားနာမိသည်၊ ဒီနေ့ပဲရောက်လာ၍ ဒီနေ့ပဲ သူတစ်ပါးကိုဒုက္ခပေးမိပြီ ဆိုတဲ့စိတ်က ရင်ထဲမှာလှိုက်တက်လာကာ ကြွေချင်သည့်မျက်ရည်များကို မကျမိအောင် စွဲထိန်းထားလိုက်ပါ၏။

နေဇင်လည်း စွဲတို့ဆီကို အပြေးလိုက်သွားလေတော့သည်။

ထိုကလေးကတော့ စွဲကိုပြုံးပြနေသည်။ စွဲ နားမလည်တော့။ အမှန်ဆို ထိုကလေး သူ့အားစိတ်ဆိုးရင်ဆိုး မဆိုးရင် တစ်ခုခုပြန်လုပ်သင့်သည်လေ။ ခု

တော့ ပြုံးပြနေတယ်တဲ့။

"မလိုပါဘူး အစ်ကိုရ သားဘာမှမဖြစ်ဘူး ပျော်တောင်ပျော်သေး"

"ဟင် ပျော်တယ် ဟုတ်လား"

"ဟုတ် သားပျော်တယ် မဟုတ်ရင် သားရေကူးရမှာ မဟုတ်ဘူး သားမေမေက ရေမကူးခိုင်းဘူးလေ အခု ကိုကြီးက သားကိုတွန်းလိုက်မိတော့ သားရေကူးရတာပေါ့ ဟားဟား"

*သေလိုက်ပါတော့စွဲရေ ငါ့မှာတော့ ငိုရမလိုလိုနဲ့ အခု ဒီကိုယ်တော်ကပြုံးလို့ဖြီးလို့ တော်သေးတယ် ပြဿနာကြီးမသွားလို့ *စွဲစိတ်ထဲပြောလိုက်သည်။

"ချက်စူ နင်ကဘာလို့ ငါးလာမျှားနေရတာတုန်း ညနေရောက်နေပြီ ရေမချိုးရသေးဘူးလားဟဲ့"သုသုပုံက ထိုကောင်လေးကို ဟောက်လိုက်သည်။

"မချိုးရသေးပါဘူး မမပုံရာ့ အဖေက ငါးကြော်ကို အရက်နဲ့မြည်းချင်တယ်တဲ့ အဲဒါ ငါးလာမျှားတာပါ အိမ်မှာလည်း ဘာဟင်းမှချက်ဖို့မရှိဘူးလေ"

ချက်စူဆိုသည့်ကောင်လေးက မျက်နှာညှိုးသွားကာ ဖြေလိုက်ပါသည်။

ငါးထည့်သည့်ပလိုင်းထဲမှာတော့ ငါးလေး ၃ ကောင်ပဲ ရသေးသည်။

စွဲ ချက်စူကို သနားသွားမိသည်။ ချက်စူ၏အသက် စွဲအထင် ၈နှစ်၉နှစ်ပဲရှိပေဦးမည်။ ငယ်ငယ်လေးနှင့်အကုသိုလ်အလုပ်များကို လုပ်နေရသည်။

စွဲ ဘောင်းဘီအိတ်ထဲက ပါလာသည့် တစ်ထောင်တန်တစ်ရွက်ကိုထုတ်ကာ ချက်စူကိုပေးလိုက်သည်။

"ချက်စူ ဒါအစ်ကို ပေးတာ ယူလိုက်နော် အစ်ကိုကြောင့် ချက်စူရေလည်း စိုသွားရပြီ ငါးတွေလည်း ထွက်ပြေးကုန်ပြီ ဒါကြောင့် အစ်ကိုအလျော်ပေး

တာ ယူလိုက်နော်"

"အာ မဟုတ်တာ သားမယူပါရစေနဲ့ ကိုကြီး"

ချက်စုငြင်းနေ၍စွဲ ချက်စုလက်ထဲကို ပိုက်ဆံအား အတင်း ထည့်ပေးလိုက်တော့သည်။

"ယူလိုက်နော် ... "

ဆိုပြီး စွဲ လာခဲ့တဲ့လမ်းအတိုင်း ဦးလေးရဲ့အိမ်ကို ပြန်သွားလေတော့သည်။

"ယူလိုက်ပါ ချက်စု မင်းအိမ်ပြန်လိုက်တော့ ငါးဆက်မမျှားနဲ့တော့ အအေးမိနေဦးမယ်"

"ဟုတ် ကိုကြီးနေဇင်"

ချက်စု တစ်ထောင်တန်ပိုက်ဆံလေးကို အင်္ကျီအိတ်ထဲထည့်ရင်း ပလိုင်းကိုလွယ် ငါးမျှားတံကိုကိုင်ကာ အိမ်အပြန်လမ်းဆီသို့ ...။

"ကဲ မိပုံရေ မြင်တယ်မှလား ဦးညိုရဲ့တူတော်မောင်မွှေပုံ"

"မမွှေပါဘူး ကိုကြီးနေဇင်ကလည်း သူက ကလေးဆန်လွန်းလို့ပါ စိတ်ရင်းတော့ ကောင်းရှာပါတယ်တော်"

"မထင် ကဲ ငါသွားတော့မယ် လမ်းမှာ ဘာတွေမွှေဦးမလဲ မသိနိုင်ဘူး"

"ဟုတ် ကိုကြီးနေဇင် ဩော် မေ့တော့မလို့ ရွာတောင်ပိုင်းက မိထိပ်ထားက ကိုကြီးကို လွမ်းနေပြီတဲ့တော့်"

"ဟာ ပေါက်ပေါက်ရှာရှာ မိပုံနော် နာချင်ပြီလား ငါ ... ငါသွားပြီဟာ"

"အမလေး ကိုကြီးနေဇင်ရှက်သွားပြီ ကရော့ ကရော့"

နေဇင် အမှန်ပင်ရှက်သွားပါသည်။ လှထိပ်ထားဆိုသည့် မိန်းကလေးဟာ

နေဇင့်ကို တစ်ဖက်သတ် ကြိုက်နေသူရယ်ပါ။

နေဇင်ကတော့ မည်သူကိုမှ အခုအချိန်အထိ ရန်မခုန်ခဲ့ဖူးပေ။ ထိပ်ထား ဆိုသည့် ထိုမိန်းကလေးမှာတော့ နေဇင့်ကို အတော်လေး သံယောဇဉ်တွယ်ရှာသည်။ ထိပ်ထားက အချစ်ကြီးလို့ အမျက်ကြီး၍လားမသိ။

နေဇင့်ကိုကြိုက်တဲ့ မိန်းမပျိုများ သူ့လက်ကနေ ဘယ်သူမှပြေးမလွတ်။ ထိပ်ထား၏လက်က နေဇင့်အတွက်ဆိုပါးမရွေးပါ။ ထို့ကြောင့်လည်း ရွာထဲကမိန်းမသားများ နေဇင့်ကိုမထိရဲကြ။ မပိုးပန်းရဲကြ။ မိပုံကတော့ ထိပ်ထားနှင့်သူငယ်ချင်းလည်းဖြစ်။ အောင်သွယ်တော်မမလည်း ဟုတ်သည်မို့ ခြွင်းချက်ပါ။ အို စွဲဘက်ရှေ့ဆက်ဦးမှပါပဲ။

စွဲ ရွာလမ်းအတိုင်း ဟိုကြည့်သည်ကြည့်နှင့်လမ်းကို လျှောက်လာခဲ့ပါသည်။

ထိုစဉ် ရွာလမ်းအတိုင်း မောင်းလာသည့်နွားတစ်အုပ် စွဲရှေ့တည့်တည့်ဆီ ချီတက်လာကြသည်။ နောက်က လူကလည်း ဟိန်းလား ဟောက်လားနှင့် နွားများကို အမြန်သွားစေရန် မောင်းနေလေသည်။

စွဲ လာနေသည့်နွားများကို ကြည့်မိ၏။ မနည်းမနောပါလားနော် ...။ တစ်လမ်းလုံး ပြည့်နေတာပဲ ...။

"န န န နွား လာ လာ လာ လာနေ ပြီ ... "

စွဲစကားများထစ်သွားပြီး ခြေကမခိုင်တော့။ ဝတ်လာသည့်အပေါ်ခံရုပ်အင်္ကျီကို စွဲအခုမှ သတိထားမိသည်။ အနီရောင် စွဲချွေးစီးများပင်ပြန်လာသည်။

နွားများဟာလည်း သူ့အနားရောက်ရန် သိပ်မလိုတော့ပါ။

နယ်တို့ ရွာတို့တစ်ခါမှမရောက်ဖူးသည့်စွဲ အခု အခက်တွေ့နေချေပြီ။

"အူတွေ အ အသည်းတွေ ပ ပ ပွင့်ကုန် တော့ မှာ ပဲ"

စွဲ ကြောက်လန့်စိတ်များဖြင့် ခြေထောက်ကို ခြေလှမ်းများလှမ်းရန် အားကုန်ကြိုးစားနေမိသည်။ အချည်းနှီးသာ။ ကြောက်ဒူးများက တုန်နေလေပြီ။

***

## အပိုင်း(၃)

စွဲ ဘာမှမတတ်နိုင်တော့။

အဲဒီအချိန် နောက်မှလိုက်လာသည့် နေဇင် စွဲအားမလှမ်းမကမ်းကနေ လှမ်းမြင်လိုက်ရလေသည်။ နေဇင်မျက်လုံးပြူးသွားရပါသည်။

"ဟာ ဒီကောင်လေး နွားလာနေတာကို ကြည့်နေတယ် သေချင်နေပြီလား မသိဘူး ဒုက္ခပါပဲ"

နေဇင် ထိုသို့ပြောလိုက်မိပါသည်။ ခြေလှမ်းကိုလည်း ခပ်မြန်မြန် အရှိန်တင်လိုက်သည်။

နွားမောင်းနေတဲ့လူက ဒီတော့မှ စွဲကိုတွေ့မြင်သွားလေတော့၏။

"ဟိတ် ကောင်လေး ဘာလုပ်နေတာလဲ ဖယ်လေကွာ"

ဖယ်လို့မရတော့ချေ။ စွဲ ခြေထောက်ကြွက်တက်နေပြီ။ ကျဉ်နေတဲ့ ခြေထောက်ကို လှမ်းဖို့မဖြစ်နိုင်ပါ။ စွဲဘာမှပြန်မဖြေမိလိုက်တော့။ ကြောက်စိတ်များနဲ့ရပ်မိနေသည်။ နွားမောင်းတဲ့လူ သူ့နွားတွေကိုရပ်ခိုင်းထားလိုက်သည်။

ထိုတော့မှ စွဲစိတ်အေးသွားရလေတော့သည်။ သို့ပေမဲ့ ကျောက်ဆစ်ရုပ်ပမာ မတုန်မလှုပ် ရပ်နေလျက်သာ။

နေဇင်ရောက်လာပြီး ...

"စွဲလမ်းသူ ဘာလုပ်နေတာလဲ နွားလာနေတာကို မမြင်ဘူးလား အူတွေ ပွင့်သွားချင်လို့လား"လို့ စိတ်ပူစွာ ဟောက်လိုက်သည်။

ထိုတော့မှ စွဲစကားပြောနိုင်တော့သည်။

"ကျွန်တော့်ခြေထောက် လှုပ်လို့မရတော့ဘူး ကြွက်တက်နေပြီ ဗျ"

"ဟာ မင်းကွာ န္တားကို အဲဒီလောက်ကြောက်ရသလား ယောကျ်ားမဟုတ်ဘူးလား"

"ဟာ စကားတွေများလိုက်တာ အခုစွဲဘာလုပ်ရမှာလဲ တစ်ခုခုလုပ်ဦး"

စွဲဆီမှ ထိုစကားကြားလိုက်ရသည့်နေဇင် အနည်းငယ်ခံပြင်းသွားကာ စွဲကို ပခုံးမှထမ်းတင်လိုက်လေတော့သည်။

"ဦးတူးရေ ခင်ဗျားန္တားတွေမောင်းလို့ရပြီဗျို့"

"အေး အေး"

ဦးတူးက န္တားတွေကိုဆက်မောင်းလာခဲ့လေသည်။ စွဲမှာတော့ နေဇင့်ရဲ့ ပခုံးထက်ဝယ် အခန့်သားနေရင်း ပြုံးလိုက်မိပါတော့သည်။ နေဇင်တွေ့မှာလည်းစိုး၍ မျက်နှာကိုခပ်မြန်မြန်ပဲ ပြန်တည်လိုက်သည်။

"အား ကျွတ် ကျွတ် နာလိုက်တာဗျာ ဖြည်းဖြည်း လျှောက်ပါဗျ နောက်မှာကျားတစ်ကောင်မှပါမလာပါဘူး"

"ဟာ့ နောက်မှာကျားပါမလာပေမဲ့ ပခုံးမှာကျားထက်ဆိုးတဲ့ မျောက်ဖင်နီကြီးပါလာတယ်လေ ကွ"

"ကြည့်စမ်း စွဲကိုများ မျောက်ဖင်နီတဲ့ အိမ်ရောက်ရင် ဦးလေးနဲ့တိုင်ပြောမယ် စွဲကိုကောင်းကောင်းစောင့်ရှောက်ရမှာကို တာဝန်မကျေဘူးတိုင်မယ် တိုင်ကိုတိုင်ဦးမှာ"

နေဇင် အနည်းငယ်ပြုံးမိသွားကာ လမ်းတစ်နေရာအရောက်တွင် စွဲကို ထပ်စချင်တာနဲ့ ...

"တိုင်ရဲတိုင်ကြည့်ပါလား"

"တိုင်ဦးမှာ"

"တကယ်တိုင်မယ်ပေါ့"

"တိုင်မှာပါဆို"

"ကောင်းပြီလေ မင်းကို ဒီမြောင်းထဲမှာပဲ ပစ်ချလိုက်တာ ကောင်းပါတယ်လေ"လို့ပြောပြီး နေဇင်စွဲကိုပစ်ချမည့်ဟန်ပန်လုပ်သည်။

စွဲ သူ့ပခုံးကနေ ကန့်လန့်ကန့်လန့်ဖြစ်သွားရလေသည်။ စွဲ အောက်ကို ကြည့်လိုက်တော့ မည်းညစ်နေတဲ့ရေတွေ။ ထိုရေမည်းမည်းထဲမှာ ငါးသေးသေးလေးတွေကလည်း ကူးခပ်နေသေးသည်။

စွဲ ရှုံးသလိုဖြစ်သွားပြီလေ။ စွဲ စိတ်ပြောင်းရပေတော့မည်။

မပြောင်းလို့လည်း မရတော့ဘူးလေ။ မဟုတ်ရင် မြောင်းပုပ်ထဲကျမည့်အဖြင့်။ ကျတာတောင် ရိုးရိုးကျမှာမဟုတ်။ အပေါ်ကပစ်ချမှာ။ တကယ့်ခွေးကျ ဝက်ကျ။ မဖြစ်ချေ ...။

"မ မတိုင်တော့ဘူး ပစ်မချပါနဲ့နော် အား ကျွတ်ကျွတ်"

စွဲ နာသလို ဟန်ဆောင်လိုက်သည်။ တကယ်တော့ စွဲ ကြွက်တက်ခြင်းပျောက်သွားလေပြီ။

လမ်းလျှောက်ရမှာပျင်း၍ ဟန်လုပ်နေခြင်းသာ။

"ဒီလိုမှပေါ့ ဒါဆို စကားဆက်မပြောနဲ့တော့ မဟုတ်ရင် ပစ်ချလိုက်မယ်"

"ဟုတ်" ဆိုပြီး စွဲ ပါးစပ်ကိုပိတ်လိုက်ပါသည်။ စိတ်ထဲတွင်တော့ နေဇင့်ကိုထုချင်စိတ်ကတဖွားဖွား။

အဲသလိုနဲ့ပဲ စွဲလည်းပါးစပ်ကိုပိတ်ကာ နေဇင့်ပခုံးထက်၌ လိုက်ပါလာရလေတော့သည်။ မကြာမီ အိမ်ကိုရောက်လေတော့သည်။ အိမ်ကိုရောက်ရောက်ချင်းပဲစွဲ အခန်းဆီကို တက်သွားလေတော့သည်။

စွဲ၏ဦးလေးက ရွာလူကြီးအခေါ်လွှတ်သည်မို့အိမ်၌မရှိ။ ဘွားခင်လေးသာ ရှိသည်။ ဘွာခင်လေးဆိုသည်မှာ ဦးနေမဝင်ညို၏ဇနီးရဲ့မိခင်ဖြစ်သည်။ ဇနီးလည်းဆုံးရော ဘွားခင်လေးကိုဦးနေမဝင်ညိုကပဲ အမေတစ်ယောက်လို ယောက္ခမတစ်ယောက်သဖွယ်ရှိသေ၍ စောင့်ရှောက်ခဲ့လေသည်။

ဘွားခင်လေးက အသက်လည်းကြီးနေပြီဖြစ်တဲ့အတွက် တရားဓမ္မနဲ့သာ ပျော်မွေ့နေတတ်သည်။ စွဲကိုတောင် စကားမပြောချေ။

ဦးနေမဝင်ညိုကိုတောင် လူလေးနေကောင်းလား ထမင်းစားပြီးပြီလားဟုသာ မေးတတ်သည့်ဘွားခင်လေးပါ။ သို့ပေမဲ့ ဘွားခင်လေးကနေဇင့်ကိုတော့ အတော်သံယောဇဉ်တွယ်ရှာသည်။ နေဇင့်ကိုအလွန်ချစ်သည်။ ငယ်ငယ်ကတည်းက နေဇင်ဟာ ဘွားခင်လေးရဲ့ဆိုဆုံးမပဲ့ပြင်မှုကနေ ကြီးပြင်းလာရသည်။

နေဇင့်၏မိဘအရင်းအချာများက သူငယ်စဉ်ကတည်းမီးဘေးသင့်၍ ဆုံးသွားခဲ့၏။ သနားကြင်နာတတ်တဲ့ ဦးနေမဝင်ညိုနဲ့ဒေါ်လင်းစက်တို့ဟာ နေဇင်လေးကို အပြီးအပိုင်မွေးစားခဲ့ကြလေသည်။ နေဇင့်ကိုမွေးစားတုန်းက နေဇင် ၅နှစ်အရွယ်ပဲ ရှိသေးသည်။

နေဇင် ၁၂နှစ်သားမှာ ဒေါ်လင်းစက် နှလုံးသွေးတိုးရောဂါဖြင့် ဆုံးသွားသည်။ နေဇင်လည်း အတော်ပင်ဝမ်းနည်းကြေကွဲရလေသည်။ မကြာမီကမှ မိသားစုအသစ်ပြန်ရလိုက်တာလေ။ ပြီးတော့ ဒေါ်လင်းစက်က နေဇင့်ကို အတော်ကြီးကိုချစ်ရှာသည်။

သားအရင်းတစ်ယောက်ပမာ။ ကလေးမရနိုင်သည့်ဒေါ်လင်းစက်အဖို့ နေဇင်လေးကို အရမ်းချစ်တာ မထူးတော့မထူးဆန်းပါ။ အခုနေဇင် ၂၁နှစ်အရွယ်ကို ရောက်နေလေပြီ။

***

စွဲ အခန်းထဲမှထွက်လာကာ အောက်ထပ်ကို ဆင်းလိုက်လေတော့သည်။ ပြီးနောက် မီးဖိုချောင်းထဲဝင်သွားလိုက်တော့ ချက်ပြုတ်နေသည့် ထွေးထွေး တစ်ယောက်ပဲ စွဲတွေ့လိုက်ရပါသည်။ ထွေးထွေးချက်ပြုတ်နေရင်းစွဲကို တွေ့သွားပြီး ...

"အစ်ကိုလေးစွဲ ဘာလိုလို့လဲဟင် ထွေးဘာလုပ်ပေးရမလဲ"

"ရတယ် ဘာမှမလိုဘူး ဒါနဲ့ ဘာဟင်းတွေချက်နေတာလဲဟာ"

"အစုံပဲ အစ်ကိုလေးရေ အစ်ကိုလေးဒီကိုလာလို့ ဦးညိုက ကြက်သားဘူး သီးကာလသားချက်ရယ် ကန်စွန်းရွက်ကြော်ရယ် လယ်ကဏန်းကြော်ရယ် ငါးကြင်းဆီပြန်ရယ် ဝက်ပုန်းရည်ကြီးရယ် မန်ကျည်းသီးငါးပိထောင်းလေး အဲဒါတွေ စီစဉ်ခိုင်းထားတယ်"

ထွေးဟင်းအမယ်များကိုပြောပြပြီးသည်နှင့် စွဲတစ်ယောက် ဗိုက်ထဲမှာ သံစုံတီးဝိုင်းရောက်နေသလို အသံပွဲတော်ကျင်းပနေကြလေပြီ။ ဦးလေး လည်း ပြန်မလာသေးသည်မို့ အရင်စား၍လည်းမဖြစ်။ လူကြီးတွေနဲ့ အတူတူ ထမင်းလက်ဆုံစားချင်သည်။ သို့ပေမဲ့ ဦးနေမဝင်ညိုပြန်မလာသေး ပေ။

စွဲဗိုက်လေးကိုပွတ်ကာ အပေါ်ပြန်တက်မည်အပြု အနောက်ကခေါ်သံကို ကြားလိုက်ရလေသည်။

"စွဲလမ်းသူ ... "

စွဲလှည့်ကြည့်လိုက်ပါသည်။ တွေ့ရပြန်ပါပြီ ဒီလူ့ခွစာနဲ့တော့ ဟင်းး။

"ဘာလဲဗျ ကြားတယ် နားမလေးဘူး ဖြည်းဖြည်းခေါ်"

စွဲညနေကကိစ္စကို အခဲမကျေသေးပေ။ နေဇင့်ကို သင်ခန်းစာပေးချင် နေသည်။

"မင်းဗိုက်ဆာနေပြီလားလို့ ငါလာမေးတာ"

"ဗိုက်ဆာပြီလားတဲ့ဖေ့သားကြီး ဩော် ဆာပြီတဲ့ ဆာပြီ"

စွဲဗိုက်လေးကိုပွတ်ကာ မေးလိုက်ရင်း ဖြေလိုက်သည်။ နေဇင်မှာတော့ စွဲကိုမျက်မှောင်ကြီးကြုတ်ကာ ကြည့်နေမိသည်။

"ဆာပြီဆိုရင် စားကြမယ်"

"ဟင် ဦးညိုပြန်မလာသေးဘူးလေ"

"ဦးလေးညိုက အတော်နဲ့ပြန်လာမှာမဟုတ်ဘူး ကြာမယ်တဲ့ အရင်စားနှင့်လိုက်ကြပါတဲ့ သိပြီလား"

"မဆိုးဘူးပဲ ဒါဆိုစားမယ်ဗျာ ဆာနေပြီ လာခဲ့စောင့်နေမယ်"

စွဲ ပြောပြီးသည်နှင့်မီးဖိုးချောင်ထဲကို ဝင်သွားလိုက်ပါသည်။ မြန်လိုက်လေခြင်း ပါလား။ နေဇင် စွဲကိုတစ်ချက်ကြည့်မိလိုက်ရင်း

"မွှေတာရော စားတာရော ချန်ပီယံနေမှာ"

ဟုမှတ်ချက်ပေးလိုက်လေတော့သည်။ နေမီးဖိုဆောင်ထဲ ဝင်သွားလိုက်ပါသည်။

"အထွေးရေ လူကြီးတွေအတွက် ဟင်းကိုအရင်ခူးထည့်ထား ပြီးရင် ထမင်းစားမယ်"

"ဟုတ် ကိုကြီး"

ထွေးထွေး လူကြီးများအတွက် ဟင်းများကို ဦးစွာခူးခပ်ထားလိုက်လေသည်။ ပြီးနောက် ထမင်းပွဲပြင်လိုက်လေတော့သည်။ ခဏအကြာ ထမင်းဝိုင်းက ထမင်းဟင်းများနှင့်ပြီးပြည့်စုံသွားသည်။ ထိုတော့မှ သူတို့၃ဦးသား ထမင်းဝိုင်းကို ထိုင်လိုက်ကြလေတော့သည်။

ထမင်းဝိုင်းတွင်တော့ စွဲလက်ကြီးသား။ စွဲ ... စားနေသည်ကို အထွေးနှင့်

နေဇင်ကြည့်နေကြရင်း တစ်ယောက်ကိုတစ်ယောက် ပြုံးလိုက်ကြမိပါသည်။ စွဲ တစ်ယောက် ခေါင်းမဖော်တမ်းဆွဲနေ၍ သူတို့ရဲ့အပြုံးကို မမြင်လိုက်ပါ။

ထမင်းစားပြီးသည်နှင့်စွဲတစ်ယောက် ... ခြံထဲတွင်လမ်းလျှောက်နေလိုက်သည်။ ထိုစဉ် အိမ်ရှေ့တွင် မိန်းကလေးတစ်ယောက်ရောက်လာသည်။ စွဲ အထင် နေဇင်နှင့်အသက်အတူတူပဲဟု။

"ဟော့ ကောင်လေး ဟိတ် ကောင်လေး"

စွဲကိုကြည့်၍ခေါ်နေသည်မို့စွဲ သူမအနားကို သွားလိုက်လေ၏။

"စွဲကို ခေါ်တာလား"

"ခြံထဲမှာ ... မင်းတစ်ယောက်ပဲရှိတာ မင်းကိုမခေါ်လို့ ဘယ်သူ့ကိုခေါ်ရမှာလဲ"

အထက်စီးဆန်စွာပြောလိုက်သည်မို့ စွဲဒေါသထောင်းခနဲထွက်လာလေသည်။ ဟုတ်သည်လေ စွဲတို့က ဘယ်သူ့အတင်စီးမှမခံတာ အဲဒီလိုဆက်ဆံလာရင်လည်း နဂါးမှန်းသိအောင် အမောက်ထောင်ပြလိုက်ရမှကျေနပ်တာ။

"စကားပြောတာ အထက်စီးကပါလား"

"ပြောတော့ဘာဖြစ်လဲ မင်းက နေဇင်တို့ရဲ့ခြံသန့်ရှင်းရေးအလုပ်သမားလား"

"ဘာ ဒီအဆင်နဲ့ဒီအဆင် သန့်ရှင်းရေးသမားဖြစ်မလားဗျ ဒါနဲ့နေပါဦးအဒေါ်က ဘာလို့ခြံရှေ့မှာ လာဟောင်နေရတာလဲ"

"ဘာ ငါ့ကိုများ အဒေါ်လေးဘာလေး မင်းမိုက်ရိုင်းလှချည်လား မိဘကအဆုံးအမမရှိဘူးလား"

လှထိပ်ထားတစ်ယောက် ခွေးဟုအနှိုင်းခံလိုက်ရ၍ အနာပေါ်တုတ်ကျ

သွားသည်ထင်။ ထို့ကြောင့် သူမလည်းစွဲကိုရရာနည်းနဲ့ ပြန်လည်ချေပနေသည်။

"မိဘက အဆုံးအမမရှိတာအဒေါ်လေ သူများအိမ်ရှေ့မှာ ငှက်ဆိုးထိုးသံလိုလို နဲ့သံလိုလိုနဲ့ လမ်းလျှောက်နေတာ ကောင်းကောင်းကိုမလျှောက်ရဘူး"

"ဘာ မင်း မင်း အရိုင်းအစိုင်းကောင်"

"ရိုင်းစိုင်းနေတာ အန်တီလေ မျက်နှာကလည်း ကျွဲချီးပုံကဏန်းညှပ်ထားတဲ့ရုပ်နဲ့ ရိုင်းစိုင်းတယ်ထင်ရင် ဘာလို့အဖက်လုပ်ပြီးစကားလာပြောနေရသေးလဲ အကျင့်စရိုက်ကိုက"

စွဲနောက်ဆုံးစကားအား လှထိပ်ထားကို ခြေအဆုံးခေါင်းအဆုံးကြည့်ပြီးပြောလိုက်သည်။ ထိုနောက် အိမ်ထဲကိုပြန်ဝင်သွားလေတော့သည်။

ထိပ်ထားမှာတော့ စွဲကိုမီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် စိုက်ကြည့်နေခဲ့လေ၏။

"မလောက်လေးမလောက်စားကများ ငါလိုရွာသူကြီးသမီးကို စော်ကားဝံ့တယ် မင်း ထမင်းဝဝစားထားကောင်လေး"ထိပ်ထားကြုံးဝါးလိုက်သည်။ ထိပ်ထား စွဲကို ရင်ထဲအသည်းထဲပါ မုန်းတီးနေလေပြီ။

ထိပ်ထားဒေါသများဖြင့် ထိုနေရာမှထွက်ခွာသွားလေတော့သည်။ အိမ်ထဲပြန်ဝင်လာစဉ်စွဲ နေဇင်နှင့်တိုးသည်။

"အိမ်ပြင်က ဘယ်သူလဲ"လို့နေဇင်မေးလိုက်သည်။

စွဲ ခေါင်းပေါ်ကဆံပင်များကို သူ့လက်ချောင်းလေးများဖြင့် သပ်တင်လိုက်လေသည်။ ထို့နောက် စွဲနှုတ်ခမ်းထက်မှမဲ့ပြုံးလေးတစ်ချက် ပေါ်ထွက်လာရင်း … …

"သိချင်သွားမေးပါလား"

***